ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ညွှန်ကြားချက်အမှတ်- ၃ /၂၀၂၃

၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလကွယ်နေ့
ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်

အကြောင်းအရာ ။ **တရားမဝင်/စည်းကမ်းပျက် ကမ်းဝေး၊ ကမ်းနီးငါးဖမ်းရေယာဉ်များအား အရေးယူဆောင်ရွက်နိုင်ရေး ပြစ်ဒဏ်သတ်မှတ်ခြင်း**

၁။ ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၂၃ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ကမ်းနီး/ကမ်းဝေးငါးဖမ်း၊ ငါးသယ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော ငါးဖမ်းရေယာဉ်များအနက် တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့တို့နှင့် တာဝန်ရှိအဖွဲ့အစည်းတို့မှ လက်ရောက်ဖမ်းဆီးရမိသည့် လိုင်စင်မဲ့တရားမဝင် ငါးဖမ်းရေယာဉ်များနှင့် စည်းကမ်းပျက်ငါးဖမ်းရေယာဉ်များ၊ ငါးလုပ်ငန်းဦးစီးဌာနရှိ ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးစနစ်(VMS)ဖြင့် VMS Control Center များမှ စစ်ဆေးတွေ့ရှိချက်အရ သတ်မှတ်စည်းကမ်းဖောက်ဖျက်သော ငါးဖမ်းရေယာဉ်များအား အရေးယူဆောင်ရွက်နိုင်ရေး ပြစ်ဒဏ်သတ်မှတ်ခြင်းဆိုင်ရာ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ကမ်းနီးငါးဖမ်းရေယာဉ်များအားလုံးသည် အောက်ပါအချက်များအား ကျူးလွန်ဖောက်ဖျက်ပါက ဖော်ပြပါအတိုင်း အရေးယူခြင်းခံရမည်-

(က) မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေပုဒ်မ ၃၃ ပါ (လိုင်စင်မရှိဘဲ ကမ်းနီးငါးလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ) တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ပုဒ်မ ၄၄ ပါ ပြဋ္ဌာန်းချက်အတိုင်း တရားစွဲဆိုအရေးယူခြင်းခံရမည့်အပြင် ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများ၊ အခြားပစ္စည်းများနှင့် ငွေများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

(ခ) လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကျော်ခြင်း(၂နှစ်အတွင်းသာ)၊ အခြားငါးဖမ်းကိရိယာအသုံးပြုခြင်း၊ ခွင့်ပြုနယ်မြေကျော်ခြင်း၊ တားမြစ်ငါးမျိုးဖမ်းဆီးခြင်းတို့ ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက ငါးများ၊ အခြားငါးဖမ်းကိရိယာများအား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူ၍ ဒဏ်ကြေးငွေကျပ်(၁၀)သိန်း ချမှတ်ခြင်းခံရမည် ဖြစ်ပြီး ကျူးလွန်သော ပြစ်မှုတစ်ခုထက်ပိုလျှင် ထပ်တိုးပြစ်မှုတစ်ခုစီအတွက် ဒဏ်ကြေးငွေကျပ်(၅)သိန်းစီ ကျခံရမည်။

**(လိုင်စင်သက်တမ်းသည် ၂ နှစ်ကျော်ပါက ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများ၊ အခြားပစ္စည်းများနှင့် ငွေများအား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်းခံရမည်။)**

(ဂ) လိုင်စင်ရရှိသူသည် ခွင့်ပြုအတိုင်းတာထက်ကျော်လွန်ခြင်း၊ ခွင့်ပြုစက်အင်အားထက် ကျော်လွန်ခြင်းတို့ ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက ငါးများအား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူ၍ ဒဏ်ကြေးငွေကျပ်(၃၀)သိန်း ချမှတ်ခြင်းခံရမည့်အပြင် ငါးဖမ်းလိုင်စင် ပယ်ဖျက်သွားမည်ဖြစ်ပြီး ကျူးလွန်သော ပြစ်မှုတစ်ခုထက်ပိုလျှင် ထပ်တိုးပြစ်မှုတစ်ခုစီအတွက် ဒဏ်ကြေးငွေကျပ်(၅)သိန်းစီ ကျခံရမည်။

(ဃ) လိုင်စင်ရရှိသူသည် တားမြစ်ကိရိယာ [ရှပ်ခရုဆွဲ(သံထွန်ခြစ်)၊ ငါးမျှားစက်ကြိုး၊ ခွမ်းစက်၊ စက်တပ်ရင်းတွန်း၊ တရွတ်ဆွဲ(Baby Trawl)စသည်ဖြင့်] အသုံးပြုကြောင်း စစ်ဆေးတွေ့ရှိပါက ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများ၊ အခြားပစ္စည်းများနှင့် ငွေများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

၃။ ကမ်းဝေးငါးဖမ်းရေယာဉ်များအားလုံးသည် အောက်ပါအချက်များအား ကျူးလွန်ဖောက်ဖျက်ပါက ဖော်ပြပါအတိုင်း အရေးယူခြင်းခံရမည်–

(က) မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေပုဒ်မ ၃၄ ပါ (လိုင်စင်မရှိဘဲ ကမ်းဝေးငါးလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ) တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ပုဒ်မ ၄၄ ပါ ပြဋ္ဌာန်းချက်အတိုင်း တရားစွဲဆိုအရေးယူခြင်းခံရမည့်အပြင် ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများ၊ အခြားပစ္စည်းများနှင့် ငွေများအား ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းယူခြင်းခံရမည်။

(ခ) လိုင်စင်ရရှိသူသည် ငါးမဖမ်းရရာသီတွင် ခွင့်ပြုချက်မရှိဘဲ ပင်လယ်ပြင်ထွက်ခွာကြောင်း စစ်ဆေးတွေ့ရှိပါက ငါးများအား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူ၍ ငါးဖမ်းလိုင်စင် ပယ်ဖျက်ခြင်းခံရမည်။

(ဂ) လိုင်စင်ရရှိသူသည် တားမြစ်ရေပြင်သို့ဝင်ရောက်ဖမ်းဆီးခြင်း၊ ကမ်းနီးရေပြင်သို့ ဝင်ရောက်ဖမ်းဆီးခြင်း၊ တားမြစ်ငါးဖမ်းကိရိယာဖြင့်ငါးဖမ်းဆီးခြင်း၊ ပြည်ပနိုင်ငံသို့ တရားမဝင်သွားရောက်ခြင်း၊ VMS စက်ဖြုတ်ခြင်းနှင့် VMS စက်ဖြုတ်၍ငါးဖမ်းခြင်း၊ အခြားငါးဖမ်းကိရိယာဖြင့်ဖမ်းဆီးခြင်း၊ ကင်းမွန်(မီးထွန်းအကူ)လုပ်ကိုင်ခြင်းတို့ကို ငါးဖမ်းရာသီတစ်နှစ်အတွင်း ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက ငါးများ၊ တားမြစ်/ အခြားငါးဖမ်းကိရိယာများအား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူ၍–

- ပထမအကြိမ် ကျူးလွန်ပါက ဒဏ်ကြေးငွေကျပ်(၅၀)သိန်း ချမှတ်ခြင်းခံရမည့် အပြင် ငါးဖမ်းလိုင်စင် (၄)လ ပိတ်သိမ်းခြင်းခံရမည်ဖြစ်ပြီး ကျူးလွန်သော ပြစ်မှု တစ်ခုထက်ပိုလျှင် ထပ်တိုးပြစ်မှုတစ်ခုစီအတွက် ဒဏ်ကြေးငွေကျပ်(၁၅)သိန်းစီ ကျခံရမည်။
- ဒုတိယအကြိမ် ထပ်မံကျူးလွန်ပါက ဒဏ်ကြေးငွေကျပ်(၈၀)သိန်းချမှတ်ခြင်းခံရ မည့်အပြင် ငါးဖမ်းလိုင်စင် (၆)လ ပိတ်သိမ်းခြင်းခံရမည်ဖြစ်ပြီး ကျူးလွန်သော ပြစ်မှုတစ်ခုထက်ပိုလျှင် ထပ်တိုးပြစ်မှုတစ်ခုစီအတွက် ဒဏ်ကြေးငွေကျပ်(၃၀) သိန်းစီ ကျခံရမည်။

- တတိယအကြိမ် ထပ်မံကျူးလွန်ပါကငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ အခြားပစ္စည်းများနှင့် ငွေများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

(ဃ) လိုင်စင်ရရှိသူသည် တားမြစ်ငါးမျိုးများဖမ်းဆီး/သယ်ဆောင်ခြင်း၊ လိုင်စင်သက်တမ်းကျော်လွန်ခြင်း၊ လိုင်စင်ရှိသော်လည်း ရေယာဉ်ပေါ်တွင် လိုင်စင်မပါရှိခြင်း၊ ခွင့်ပြုရေလုပ်သားထက် ကျော်လွန်တင်ဆောင်ခြင်း၊ ခွင့်ပြုငါးဖမ်းကွက်ကျော်လွန်ဖမ်းဆီးခြင်း၊ VMS စက် Silent ဖြစ်လျက် ငါးဖမ်းခြင်းတို့ကို ငါးဖမ်းရာသီတစ်နှစ်အတွင်း ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက ငါးများအား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူ၍ -

- ပထမအကြိမ် ကျူးလွန်ပါက ဒဏ်ကြေးငွေကျပ်(၃၀)သိန်း ချမှတ်ခြင်းခံရမည့်အပြင် ငါးဖမ်းလိုင်စင် (၃)လ ပိတ်သိမ်းခြင်းခံရမည်။
- ဒုတိယအကြိမ် ထပ်မံကျူးလွန်ပါက ဒဏ်ကြေးငွေကျပ်(၆၀)သိန်း ချမှတ်ခြင်းခံရမည့်အပြင် ငါးဖမ်းလိုင်စင် (၆)လ ပိတ်သိမ်းခြင်းခံရမည်။
- တတိယအကြိမ် ထပ်မံကျူးလွန်ပါက ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ အခြားပစ္စည်းများနှင့် ငွေများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

**[စာပိုဒ် ၃၊ စာပိုဒ်ခွဲ(ဂ)ပါ ပြစ်ဒဏ်တစ်ခုခုဖြင့်ပေါင်း၍ ဖောက်ဖျက်ပါက ၎င်းပါပြစ်ဒဏ်အတိုင်း ချမှတ်ခြင်းခံရမည်။]**

(င) လိုင်စင်ရရှိသူသည် လိပ်လွတ်မြောက်ရေးကိရိယာ(TEDs) တပ်ဆင်မှု မရှိကြောင်း ငါးဖမ်းရာသီတစ်နှစ်အတွင်း စစ်ဆေးတွေ့ရှိပါက-

- ပထမအကြိမ် ဒဏ်ကြေးငွေကျပ်(၁၀)သိန်း ချမှတ်ခြင်းခံရမည်။
- ဒုတိယအကြိမ် ထပ်မံကျူးလွန်ပါက ဒဏ်ကြေးငွေကျပ်(၂၀)သိန်း ချမှတ်ခြင်းခံရမည်။
- တတိယအကြိမ် ထပ်မံကျူးလွန်ပါက ငါးဖမ်းလိုင်စင် ပိတ်သိမ်းခြင်းခံရမည်။

၄။ မည်သည့် ငါးဖမ်းရေယာဉ်မဆို သတ်မှတ်စည်းကမ်းဖောက်ဖျက်ခြင်းအား နှစ်စဉ်ဆက်တိုက်ကျူးလွန်ပါက ငါးများ၊ တားမြစ်/အခြားငါးဖမ်းကိရိယာများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူ၍ အောက်ဖော်ပြပါအတိုင်း အရေးယူခြင်းခံရမည်-

(က) ၂ နှစ်ဆက်တိုက် သတ်မှတ်စည်းကမ်းဖောက်ဖျက်ပါက ယခင်နှစ် နောက်ဆုံးကျခံခဲ့သည့် ပြစ်ဒဏ်၏(၂)ဆ ချမှတ်ခြင်းခံရမည်။

(ခ) ၃ နှစ်ဆက်တိုက် သတ်မှတ်စည်းကမ်း ဖောက်ဖျက်ပါက ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ အခြားပစ္စည်းများနှင့် ငွေများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

၅။ လိုင်စင်ရရှိသူသည် သတ်မှတ်စည်းကမ်းဖောက်ဖျက်သဖြင့် ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများ၊ အခြားပစ္စည်းများနှင့် ငွေများအား ပြည်သူ့ဘဏ္ဍာသိမ်းယူခြင်းခံရပါက တစ်ဆက်တည်းကျူးလွန်ခဲ့သော ပြစ်မှုများအတွက် ဒဏ်ကြေးငွေပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုသည်။

၆။ ငါးလုပ်ငန်းဦးစီးဌာန၏ (၂၈-၈-၂၀၂၀)ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်အမှတ်၊ ၅/၂၀၂၀ ၏ စာပိုဒ် ၈၊ စာပိုဒ်ခွဲ(က)ကို ဤညွှန်ကြားချက်ပါ စာပိုဒ် ၃၊ စာပိုဒ်ခွဲ(ခ)၊ (ဂ)နှင့် (ဃ)တို့ဖြင့် အစားထိုးလိုက်သည်။

17/7/23

ဝေလင်းမောင်

ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း

**ရေယာဉ်ပိုင်ရှင်များ၊ ကုမ္ပဏီ/အသင်းအဖွဲ့များအားလုံး**

---

စာအမှတ်၊ ငလ/ဥပဒေ-၃/၂၀၂၃( ၆၂၀၀ )

ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်

မိတ္တူကို -

- ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
- ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ဆင်ရေးဌာနခွဲ
- ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)
- တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
- တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့
- တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
- ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့
- ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့
- အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အမ်းမြို့
- အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ပုသိမ်မြို့
- ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်မြို့
- အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ မော်လမြိုင်မြို့
- ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ မြိတ်မြို့
- တိုင်းဒေသကြီး/ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးများအားလုံး( )
- မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်
- မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း
- တာဝန်ခံအရာရှိ၊ စုပေါင်းရုံး၊ ငါးလုပ်ငန်းဦးစီးဌာန
- ရုံးလက်ခံ / မျှောစာတွဲ